# အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသများ (Indo-Burma Hotspot) ထိန်းသိမ်းရန် စီမံကိန်းအဆိုပြုလွှာများ ခေါ်ယူခြင်း

**အဆိုပြုလွှာခေါ်ဆိုသည့်ရက်** - ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်၊

**အဆိုပြုလွှာပိတ်ရက်** - ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်၊

**ပေးအပ်မည့်ရန်ပုံငွေပမာဏ** - **အသေးစားရန်ပုံငွေ** (အမေရိကန်ဒေါ်လာ ၄ သောင်းနှင့်အောက်)

**အကြီးစားရန်ပုံငွေ** (အမေရိကန်ဒေါ်လာ ၄ သောင်း - ၂ သိန်း)

**လျှောက်ထားနိုင်သည့်နိုင်ငံ** - **မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ် နှင့် တရုတ်နိုင်ငံ**

**လျှောက်ထားရမည့် နည်းဗျူဟာလမ်းညွှန်ချက်- ၄ နှင့် ၆**

**လျှောက်ထားနိုင်သည့်ဘာသာစကား - အကြီးစားရန်ပုံငွေလျှောက်လွှာအား အင်္ဂလိပ်၊ ပြင်သစ်၊ ပေါ်တူဂီနှင့် စပိန်ဘာသာ။**

**အသေးစားရန်ပုံငွေလျှောက်လွှာအား တရုတ်၊ ခမာ၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် အင်္ဂလိပ်ဘာသာတို့ဖြင့်။**

The Critical Ecosystem Partnership Fund (CEPF) နှင့် the International Union for Conservation of Nature (IUCN) တို့သည် **အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသများ** ထိန်းသိမ်းရန် စီမံကိန်းအဆိုပြုလွှာများအတွက် ချမှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံအဖွဲ့များ၊ ဌာနေတိုင်းရင်းသား အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် လူမှုအဖွဲ့အစည်းများမှ စီမံကိန်းအဆိုပြုလွှာများကို လက်ခံလျက်ရှိပါသည်။

The Critical Ecosystem Partnership Fund (CEPF) သည် ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသောနေရာများနှင့် မျိုးသုန်းပျောက်ကွယ်နိုင်သည့် အခြေအနေသို့ ရောက်ရှိနိုင်သည့်နေရာများကို ထိန်းသိမ်းကာကွယ်ရန် အစီအစဉ်ရေးဆွဲဆောင်ရွက်လျှက် ရှိပါသည်။ CEPF သည် l’Agence Française de Développement ၊ Conservation International ၊ European Union ၊ Global Environment Facility ၊ Government of Japan နှင့် World Bank တို့ ပူးပေါင်းအကောင်ထည်ဖော်ဆောင်ရွက်သည့် အစီအစဉ်တစ်ခု ဖြစ်ပါသည်။ အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသအတွက် Margaret A. Cargill Philanthropies မှလည်း ထောက်ပံ့ပေးပါသည်။ CEPF ၏ အခြေခံအကျဆုံးသော ပန်းတိုင်မှာ လူမှုအဖွဲ့အစည်းများမှ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လာစေရန် ရည်ရွယ်ထားပါသည်။

အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသကို ကမ္ဘောဒီးယား ၊ လာအို ၊ မြန်မာ ၊ ထိုင်း ၊ ဗီယက်နမ်နိုင်ငံတို့နှင့် တရုတ်နိုင်ငံ တောင်ပိုင်းတို့ရှိ အဏ္ဏဝါဧရိယာမဟုတ်သည့် နေရာများဖြင့် ဖွဲ့စည်းထားပါသည်။ ယခုခေါ်ဆိုသော စီမံကိန်း အဆိုပြုလွှာ သည် ဆက်လက်ဖော်ပြထားသည့် ဦးစားပေးရင်းနှီးမြှုပ်နှံမှုစာရင်းကို အကောင်အထည်ဖော်မည့် စီမံကိန်းများ အတွက်သာ ဖြစ်သည်။ စီမံကိန်း အဆိုပြုလွှာများခေါ်ယူပါက CEPF ၏ ဝက်ဆိုဒ်နှင့် စာစောင်များမှလည်း ကြေညာပေးမည် ဖြစ်ပါသည်။

အဆိုပြုစီမံကိန်းများရွေးချယ်ရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများဖြစ်သည့် (၁) ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် နည်းဗျူဟာနှင့် အနီးစပ်ဆုံးကိုက်ညီမှုရှိသည့် စီမံကိန်းများ၊ (၂) အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သည့်ကဏ္ဍကို ဦးစားပေးပြီး သတ်မှတ်ဖော်ပြထားသည့် ရည်ရွယ်ချက်များနှင့် ထာဝစဉ်တည်တံ့စေသော ထိန်းသိမ်းကာကွယ်ခြင်းကို အပြည့်အဝ ထောက်ပံ့ပေးနိုင်မည့် စီမံကိန်းများ၊ (၃) ယခင် အစပျိုးဆောင်ရွက်ခဲ့သော လုပ်ငန်းများကို ဆက်လက် အထောက်အကူပြုစေမည့် စီမံကိန်းများ၊ (၄) ရန်ပုံငွေကို အကျိုးရှိစွာဖြင့် တန်ဖိုးထားဆောင်ရွက်မည့် စီမံကိန်းများနှင့် (၅) စီမံကိန်းကို အကောင်ထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သော လုပ်ငန်းအတွေ့အကြုံနှင့် အဖွဲ့အစည်း၏ ဆောင်ရွက်နိုင်သော စွမ်းရည်ဖော်ပြနိုင်မှု စသည်တို့ကို ဦးစားပေးထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။ CEPF သည် ယခင် ခေါ်ယူခဲ့သည့် လျှောက်လွှာများတွင် CEPF ၏ စီမံကိန်းအထောက်အပံ့ရရှိခဲ့ပြီးသောအဖွဲ့အစည်းများသာမက မရရှိဘူးသေးသောအဖွဲ့အစည်းများထံမှပါ အဆိုပြုလွှာများကို ဖိတ်ခေါ်အပ်ပါသည်။ **သို့သော် မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် စီမံကိန်းများအနေဖြင့် ယခင် CEPF ၏ အထောက်အပံ့ရရှိခဲ့ဖူးသော အဖွဲ့များသာ လျှောက်ထားရန် အကျုံးဝင်ပါသည်။**

လျှောက်ထားသူများအနေဖြင့် CEPF ၏ ဂေဟစနစ်အခြေအနေ (Ecosystem Profile) ကို ကောင်းစွာ ရင်နှီးကျွမ်းဝင် သိရှိထားနိုင်ရန်လည်း တိုက်တွန်းပါသည်။ ထို့ပြင် မေးမြန်းလိုသည်များ၊ စီမံကိန်းဆိုင်ရာ အတွေးအခေါ် အယူအဆများကို ဆွေးနွေးလိုပါက Indo-Burma Regional Implementation Team (RIT) ထံ CEPF-Indoburma@iucn.org သို့ အီးမေးလ် ပေးပို့၍ မေးမြန်းဆွေးနွေးနိုင်ပါသည်။ ထို့အပြင် စီမံကိန်းအဆိုပြုလွှာ မလျှောက်မီ (Before You Apply)၊ စီမံကိန်းအဆိုပြုလွှာလျှောက်တင်ရမည့်ပုံစံများ (How to Apply) နှင့် မည်သည့်အကြောင်းအရာများမှ စီမံကိန်း အဆိုပြုလွှာတင်သွင်းရန် အကျုံးဝင်ကြောင်း (Eligibility) သိရှိနိုင်ရန် CEPF ၏ ဝက်ဆိုဒ်သို့လည်း သွားရောက် လေ့လာရန် တိုက်တွန်းအပ်ပါသည်။

## ဤအဆိုပြုလွှာခေါ်ယူခြင်းတွင် လျှောက်ထားနိုင်သည့် နည်းဗျူဟာလမ်းညွှန်ချက် (Strategic Direction) များ

**<u>နည်းဗျူဟာလမ်းညွှန်ချက် (၄)</u>** - ဒေသခံပြည်သူများအား ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ဦးစားပေးဒေသများ (priority sites)အား စီမံအုပ်ချုပ်ခွင့် အခွင့်အာဏာပေး၍ ပူးပေါင်းဆောင်ရွက်စေခြင်း။

*မှတ်ချက် - လျှောက်ထားမည့် စီမံကိန်းများသည် အဓိကအရေးပါသော ဇီဝမျိုးစုံမျိုးကွဲ တည်ရှိနယ်မြေ (KBA) သတ်မှတ်ချက်များကို အဓိကထားသည့် ဦးစားပေးရင်းနှီးမြှုပ်နှံမှုအစီအစဉ် ၄.၄ မှလွဲ၍ (၁) Ecosystem Profile ၏ ဇယား ၂၇ တွင်ဖော်ပြထားသည့် ဦးစားပေးနေရာများစာရင်းမှ တစ်ခု (သို့) တစ်ခုထက်ပိုသော ဦးစားပေးနေရာများတွင် အဓိက အကောင်ထည်ဖော်ရမည်ဖြစ်ပြီး (၂) ဒေသခံပြည်သူများ၏ လူနေမှုဆိုင်ရာ အကျိုးအမြတ်တို့ကို ပြသနိုင်ရမည်ဖြစ်သည်။ အမျိုးသားများနှင့် အမျိုးသမီးများ၏ သဘာဝသယံဇာတများ စီမံအုပ်ချုပ်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခြင်း ကိုလည်း စီမံကိန်းဒီဇိုင်းနှင့် အကောင်ထည်ဖော်ဆောင်ရွက်ရေး ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။*

အောက်ဖော်ပြပါ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော ဦးစားပေးရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ လုပ်ကိုင်ဆောင်ရွက်မည့် အဆိုပြုလွှာများကို တင်သွင်းရန် CEPF နှင့် IUCN တို့မှ ဖိတ်ခေါ်ပါသည်။

၄.၂။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောနှင့် ဒေသခံများ စီမံအုပ်ချုပ်သည့် ငါးသယံဇာတဧရိယာများ၊ သဘာဝ ထိန်းသိမ်းရေးနယ်မြေများအား ဒေသခံပြည်သူများသာ ဦးဆောင်သည့် နည်းစနစ်ဖြင့် နမူနာလုပ်ကွက်လေးများ အဖြစ် စတင် ထူထောင်ပေးခြင်း၊ ထိုမှတဆင့် ပိုမိုချဲ့ထွင်အကောင်အထည်ဖော်ပေးခြင်း၊ ၎င်းလုပ်ငန်းများမှ ရရှိလာသည့် အတွေ့အကြုံများကို အခြေခံကာရေရှည်တည်တံ့သည့် နည်းလမ်းကောင်းများအား ချမှတ်ပေးခြင်း။

၄.၃။ ဒေသခံများပါဝင်သည့် ဇုန်များသတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း ပူးပေါင်းစီမံအုပ်ချုပ်ခြင်းနည်းစနစ်ကို ရေးဆွဲခြင်း။

၄.၄။ ဇီဝဆိုင်ရာအရေးကြီးဒေသတွင်းရှိ အဓိကအရေးပါသော ဇီဝမျိုးစုံမျိုးကွဲတည်ရှိနယ်မြေ (KBA) သတ်မှတ်ချက်များ ကို အသစ်ထွက်ရှိထားသော KBA စံညွှန်းများနှင့်အညီ ပြန်လည်ရေးဆွဲခြင်း။

**<u>နည်းဗျူဟာလမ်းညွှန်ချက် (၆)</u>** – ဦးစားပေးထိန်းသိမ်းရမည့် ဆက်စပ်ကူးပြောင်းသွားလာသည့်နယ်မြေများ(corridors) တွင် ဖော်ဆောင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇီဝမျိုးစုံမျိုးကွဲ နှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို စနစ်တကျ ပေါင်းစပ် ထားသည့် နည်းလမ်းများဖြင့် သရုပ်ဖော်စမ်းသပ်ခြင်း။

*မှတ်ချက် - ယခု နည်းဗျူဟာလမ်းညွှန်ချက်ကို အကျုံးဝင်စေရန် လျှောက်ထားမည့်စီမံကိန်းကို (၁) ဒေသခံပြည်သူများ သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းရှင်များ သို့မဟုတ် အစိုးရဌာနများမှ ပုံစံတူဆောင်ရွက်နိုင်မည့် နည်းလမ်းများဖြင့် အကောင်ထည်ဖော်ဆောင်ရွက်ခြင်း နှင့် (၂) Ecosystem Profile ၏ ဇယား ၂၇ တွင်ဖော်ပြထားသည့် ဦးစားပေး ထိန်းသိမ်းရမည့် ဆက်စပ်ကူးပြောင်းသွားလာသည့် နယ်မြေ(corridors) ၅ ခုမှ တစ်ခု (သို့) မြန်မာနိုင်ငံရှိ ထုံးကျောက် တောင်ဂေဟစနစ်နယ်မြေ ၂၄ ခုမှ တစ်ခု တို့တွင် အကောင်ထည်ဖော်ဆောင်ရွက်နိုင်ပါသည်။*

အောက်ဖော်ပြပါ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော ဦးစားပေးရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ လုပ်ကိုင်ဆောင်ရွက်မည့် အဆိုပြုလွှာများကို တင်သွင်းရန် CEPF နှင့် IUCN တို့မှ ဖိတ်ခေါ်ပါသည်။

၆.၁။ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများ၊ အစီအစဉ်များနှင့် လုပ်ငန်းစဉ်များကို ဆန်းစစ်လေ့လာခြင်း၊ ၎င်းတို့မှ ဇီမျိုးစုံမျိုးကွဲများ နှင့် ဂေဟစနစ်ဝန်ဆောင်မှုများအား အကျိုးသက်ရောက်မှုများကို လေ့လာသုံးသပ်ခြင်းနှင့် သဘာဝအခြေခံသော ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများနှင့် ဆိုးကျိုးသက်ရောက်မှု လျော့နည်းစေမည့်နည်းလမ်းများကို အဆိုပြုတင်ပြခြင်းနှင့် အကောင် ထည်ဖော်ဆောင်ရွက်မှုများကို ထောက်ပံ့ပေးခြင်း။

၆.၂။ ဆင့်ပွားအသုံးချနိုင်သော ဂေဟစနစ်ပြန်လည်ထူထောင်ရေး သရုပ်ပြစီမံကိန်းများကို သင့်လျော်သည့် စည်းကမ်း ကျင့်ဝတ်များနှင့်အညီ ဖော်ဆောင်ခြင်း။

၆.၃။ သတင်းအဖွဲ့များနှင့် ချိတ်ဆက်ပြီး အသိအမြင်များတိုးပွားလာစေခြင်း၊ ဝေဖန်ဆွေးနွေးခြင်းများ (public debate) ဆောင်ရွက်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဇီဝမျိုးစုံမျိုးကွဲအခန်းကဏ္ဍထည့်သွင်းနိုင်ရေးအတွက် ဆုံးဖြတ်ချက် များချမှတ်ရာတွင် ထိရောက်သော လွှမ်းမိုးမှုများရရှိရန် ဆောင်ရွက်ခြင်း။

၆.၄။ ဇီမျိုးစုံမျိုးကွဲများ နှင့် သဟဇာတဖြစ်မည့် ထုတ်ကုန်ထုတ်လုပ်ခြင်း (သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီမှုများရှိခြင်း၊ ဂေဟစနစ်နှင့် သဘာဝဝန်းကျင်မပျက်စီးကြောင်း တံဆိပ်များတပ်ခြင်း)များကို နမူနာထုတ်လုပ်ခြင်း၊ အဆင့်မီ စံနမူနာ ပုံစံဖြင့် ထုတ်လုပ်ခြင်း။

## ထပ်ဆင့်သိရှိရမည့် သတင်းအချက်အလက်များ

ဤစီမံကိန်းအဆိုပြုလွှာခေါ်ယူခြင်းကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် အင်ဒို-မြန်မာဇီဝဆိုင်ရာအရေးကြီးဒေသတွင်းရှိ ပြည်တွင်းအဖွဲ့အစည်းများမှ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားရာတွင် တစ်ဦးချင်း တိုက်ရိုက်လျှောက်ထားခြင်းထက် အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် ပူးပေါင်းကာ အဆိုပြုလွှာများရေးသားလျှောက်ထားရပါမည်။ မှတ်ချက်အနေဖြင့် အမှာပါးလိုသည်မှာ ဒေသခံလူမှုစီးပွားရေး စွမ်းဆောင်ရည်မြင့်တင်ခြင်းလုပ်ငန်းများကို အဓိကထားသော လုပ်ငန်းများ (နှင့်/သို့မဟုတ်) ဒေသခံအဖွဲ့အစည်းများ၏ ဦးဆောင်မှုအခန်းကဏ္ဍကို ဆောင်ရွက်မည့်လုပ်ငန်းမျိုးကို ဦးစားပေး စဉ်းစားမည်ဖြစ်သည်။ ထို့အပြင် အဆိုပြုစီမံကိန်းများတွင် CEPF၏ ကျား/မ ရေးရာမူဝါဒ (gender policy) နှင့် ကျား/မရေးရာလက်စွဲ (gender toolkit) စသည့် ကျား/မ ရေးရာအခန်းကဏ္ဍကိုပါ ထည့်သွင်းဆောင်ရွက်မည့် လုပ်ငန်းများကို ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ CEPF ၏ ကျား/မ ရေးရာအချက်အလက်များ (cepf-gender-factsheet.pdf) ကိုလည်း လေ့လာနိုင်ပါသည်။

ဤ အစီအစဉ်ဖြင့်ရရှိသည့် ရန်ပုံငွေကို (၁) မြေဝယ်ယူခြင်း၊ (၂) မည်သည့် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် များကိုမှ ပြုပြင်ပြောင်းလဲခြင်း၊ ဖယ်ရှားခြင်း (ရှေးဟောင်း အနုပညာလက်ရာများ၊ သဘာဝရုပ်ကြွင်းများ၊ သမိုင်းအမွေအနှစ်များ၊ ဘာသာရေးအမွေအနှစ်များ၊ သဘာဝအလှောက် ထူးခြားသည့်အဖိုးတန်နေရာများ ပါဝင်သည်။) ၊ (၃) ပြည်သူများကို နေရာပြောင်းရွှေ့ခြင်း၊ တနည်းနည်းဖြင့် အဓမ္မ ပြန်လည်နေရာချထားခြင်း ၊ (၄) ရန်ပုံငွေကို ရင်းနှီးမြှုပ်နှံခြင်း စသည့်တို့တွင် သုံးစွဲခွင့်မပြုပါ။ လုပ်ကိုင်ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းအားလုံးသည် CEPF၏ လူမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေး မူဝါဒများနှင့် ကိုက်ညီရပါမည်။ အဆိုပါမူဝါဒကို ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်။

## အဆိုပြုလွှာတင်သွင်းနည်း

**အသေးစားရန်ပုံငွေ** (အမေရိကန်ဒေါ်လာ ၄ သောင်းနှင့်အောက်) အတွက် အဆိုပြုလွှာအား တရုတ်၊ ခမာ၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် လျှောက်လွှာပုံစံ ဤနေရာ တွင်ဖြည့်၍တင်သွင်းရမည်ဖြစ်သည်။ စီမံကိန်းကာလအား ခန့်မှန်းခြေအားဖြင့် ၂၀၂၃ မတ်လ ၁ ရက်နေ့မှ စတင်၍ ၆လ မှ ၂ နှစ် သက်တမ်းစီမံကိန်းအဖြစ် ရေးဆွဲရန် အကြံပြုပါသည်။ ပြီးပြည့်စုံသော လျှောက်လွှာအား အီးမေးလ်ဖြင့် CEPF-Indoburma@iucn.org သို့ ပေးပို့ရမည်ဖြစ်ပါသည်။ လျှောက်ထားသည့်ဖိုင်အား - *Organisation acronym_CEPF SG Letter of Inquiry* (ဥပမာ- ***IUCN_CEPF SG Letter of Inquiry***) ဟု အမည်ပေးရမည်ဖြစ်သည်။ စီမံကိန်းအဆိုပြုလွှာများ လက်ခံရရှိကြောင်း ကို အီးမေးလ်ဖြင့် ပြန်ကြားပေးမည် ဖြစ်ပါသည်။ ၎င်းနောက် လျှောက်ထားသူများအား မည်သို့ ဆက်လက်ဆောင်ရွက်မည်ကို ဆက်သွယ်အသိပေးမည် ဖြစ်ပါသည်။ အဆိုပြုလွှာခေါ်ယူနေသည့်ကာလတွင် မေးမြန်းလိုသည်များရှိပါက CEPF-Indoburma@iucn.org သို့ အီးမေးလ်ဖြင့် စာပေးပို့မေးမြန်း နိုင်ပါသည်။

လျှောက်ထားလာသည့် စီမံကိန်းအဆိုပြုလွှာအားလုံးကို ပထမဦးစွာ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ/မရှိ ဆန်းစစ်မည်ဖြစ်သည်။ ထိုစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ပဏာမရွေးချယ်ထားသည့် အဆိုပြုလွှာများကို သက်ဆိုင်ရာနိုင်ငံများတွင် ဖွဲ့စည်းထားသည့် နိုင်ငံအဆင့် အကြံပေးကော်မတီ သို့တင်သွင်းပြီး အစည်းအဝေးဖြင့် ထောက်ခံချက်များရယူမည်ဖြစ်သည်။ ထိုအကြံပေးကော်မတီ၏ ထောက်ခံချက်များအရ ရန်ပုံငွေပေးခြင်းအဆင့်ကို ဆုံးဖြတ်သွားမည်ဖြစ်ပါသည်။

**အကြီးစားရန်ပုံငွေ** (အမေရိကန်ဒေါ်လာ ၄ သောင်း - ၂ သိန်း) အတွက် အဆိုပြုလွှာများကို CEPF ၏ online

ConservationGrants မှတဆင့် လျှောက်ထားရမည်ဖြစ်သည်။ ပထမဆုံးလျှောက်ထားမည့်အဖွဲ့များအနေဖြင့် account တစ်ခုဖွင့်ပြီး register လုပ်ရမည်ဖြစ်သည်။ အကယ်၍ နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများရှိပါက conservationgrants@conservation.org သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပထမအဆင့်အနေဖြင့် online မှ Letter of Inquiry ကို အင်္ဂလိပ်ဘာသာဖြင့် တင်သွင်းရမည်ဖြစ်သည်။ စီမံကိန်းကာလအား ခန့်မှန်းခြေအားဖြင့် ၂၀၂၃ မတ်လ ၁ ရက်နေ့မှ စတင်၍ ၁နှစ် မှ ၂ နှစ်ခွဲ သက်တမ်းရှိစီမံကိန်းအဖြစ် ရေးဆွဲရန် အကြံပြုပါသည်။ အကျုံးဝင်သော အဆိုပြုလွှာများအား CEPF Secretariat နှင့် IUCN တို့မှ အထက်တွင် ဖော်ပြထားသော သတ်မှတ်စံချိန်စံညွှန်များနှင့် ကိုက်ညီမှုရှိမရှိ ဆန်းစစ်မည်ဖြစ်သည်။ ပဏာမရွေးချယ်ထားသည့် လျှောက်ထားသူများအား မိမိတို့၏ စီမံကိန်းအကြောင်းအား ဆန်းစစ်သည့်ကော်မတီသို့ တင်ပြရန် ၂၀၂၂ ခုနှစ် အောက်တိုဘာလ သို့မဟုတ် နိုဝင်ဘာလတွင် ဖိတ်ခေါ်မည်ဖြစ်သည်။ ထို့နောက် လျှောက်ထားသူများအား ဆက်လက်၍ စီမံကိန်းအဆိုပြုလွှာအပြည့်အစုံရေးဆွဲရမည့်အဆင့်ကို ဖိတ်ခေါ်ခြင်းခံရခြင်း ရှိ/မရှိကို အကြောင်းကြားသွားမည်ဖြစ်သည်။

စီမံကိန်းအဆိုပြုလွှာအပြည့်အစုံ ရေးဆွဲရမည့် အသေးစိတ်လမ်းညွှန်ချက်များကို ရွေးချယ်ခံရသည့်အဖွဲ့အား ဖိတ်ခေါ်စာနှင့်အတူ ပေးပို့မည်ဖြစ်ပါသည်။ ရွေးချယ်ခံရသည့်အဖွဲ့သည် online မှတဆင့် အဆိုပြုလွှာ အပြည့်အစုံ ရေးဆွဲနိုင်ရန် အချိန် (၆) ပတ် ရရှိမည်ဖြစ်သည်။ ထိုအချိန်ကာလအတွင်း ရွေးချယ်ခံရသည့်အဖွဲ့အား အဆိုပြုလွှာ ရေးဆွဲခြင်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်လည်းဖိတ်ခေါ်သွားမည်ဖြစ်သည်။ ထို့အတွက် အဆိုပြုလွှာအား CEPF Secretariat နှင့် IUCN ဝန်ထမ်းများနှင့် အတူ ပူးပေါင်းရေးဆွဲနိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ပါသည်။

အဆိုပြုလွှာများကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်၊ **မြန်မာစံတော်ချိန် ည ၂၃:၂၉ အချိန်မတိုင်ခင်** နောက်ဆုံးထား၍ ပေးပို့ရပါမည်။ သတ်မှတ်ချိန်ကျော်လွန်မှ ရောက်ရှိလာသော အဆိုပြုလွှာများကို ငြင်းပယ်မည်ဖြစ်ပါသည်။ စီမံကိန်းအဆိုပြုလွှာများ လက်ခံရရှိကြောင်းအီးမေးလ်ကို အဆိုပြုလွှာတင်သွင်းပြီးပါက လက်ခံရရှိမည်ဖြစ်သည်။

သိလိုသည်များကို မေးမြန်းထားခြင်း အပေါ်ပြန်လည်ဖြေကြားထားသည်များကို (အင်္ဂလိပ်ဘာသာဖြင့်) ဤနေရာ တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။ ယခုစီမံကိန်းအဆိုပြုလွှာများ ခေါ်ယူခြင်းနှင့် ပတ်သတ်၍ ၂၂-၂၆ ဩဂုတ်လ ၂၀၂၂ တွင် အွန်လိုင်းသတင်းအချက်အလက်များမျှဝေခြင်းကို IUCN မှ ဦးဆောင်တင်ပြသွားမည်ဖြစ်ပါသည်။ အသေးစိတ် အချက်အလက်များကို IUCN Asia Facebook နှင့် Twitter တို့မှ ထပ်မံဖော်ပြပေးသွားပါမည်။

**ထပ်မံသိရှိလိုသည်များနှင့် လိုအပ်သည့်အကူအညီများကို အောက်ပါလိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

CEPF Regional Implementation Team, IUCN Asia Regional Office,
63 Sukhumvit Soi 39, Wattana, Bangkok 10110, Thailand
Email: CEPF-Indoburma@iucn.org
Tel: +66 2 662 4029; Fax: +66 2 662 4389